
နတ်ဘုရားမျက်လုံး
(ရှလေ)
စာစဉ် (၇)
(Chapter 91 - 105)
ဘာသာပြန် စာရေးဆရာ – Tai Venus

## အပိုင်း (၉၁)

## မိန်းမလှနှစ်ယောက်နှင့် အစားသောက်ကောင်းများ

ဖောရပ်ကုမ္ပဏီမှ ပြန်ထွက်လာခဲ့ကြစဉ်တွင် မွန်းလွဲချိန်သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ ရှန်းထူထျန်ယင်၏ ရှိရိုင်စီဖက်ထရွန်ကားအား မတွေ့ရတော့သည့်အတွက် ရှလေနှင့် ရှန်းထူရှိရှန်တို့စာချုပ်ကိစ္စစကားပြောနေချိန်၌ သူမ ပြန်သွားနှင့်ပြီဟု ရှလေက ကောက်ချက်ချလိုက်သည်။

သူသည်လည်း ကားဖြင့် မြို့တွင်းသို့ ပြန်မောင်းလာခဲ့သည်။ ထိုစဉ် လိုင်စစ်ယောင်က တိတ်ဆိတ်နေမှုကို ချိုးဖျက်လိုက်သည်။ သူမက ပြုံး၍

"ငါတို့ ဒီနေ့ ကံကောင်းတာပဲနော်"

"ဟုတ်တယ်၊ ကံကောင်းတယ်"

ရှလေက ပေါ့ပြက်ပြက်ပင် ပြန်ပြောလိုက်သည်။

လိုင်စစ်ယောင်သည် ရှလေအား တည့်တည့်ကြည့်လိုက်ပြီး

"ငါတော့ တစ်ခုခုထူးဆန်းနေတယ်လို့ ထင်တယ်၊ နင်ကော မထင်မိဘူးလား"

ရှလေသည် သူမ၏ ဖြစ်ပေါ်နေသည့်စိတ်ကို နားလည်သည်။ သို့သော်လည်း သူသည် ရှန်းထူထျန်ယင်နှင့်ကြားက ကိစ္စကို သူမအား မပြောပြချင်ခဲ့ပါ။ ထို့ကြောင့် သူက စကားလမ်းကြောင်းပြောင်းလိုက်သည်။

"နင် ငါ့အိမ်လိုက်ပြီးစားသောက်ဦးမှာမလား။ ဝက်နံရိုးချိုချဉ်တွေ

ပင်လယ်စာတွေ ဘာတွေညာတွေလေ။ အခု စူပါမားကတ်သွားပြီး စားသောက်ကုန်တွေ သွားဝယ်လိုက်ရအောင်"

"အိုး… ဟုတ်သား နင်သာ သတိမပေးရင် ငါမေ့တော့မလို့။ သွားမယ်၊ သွားမယ်၊ စူပါမားကတ်ကို အမြန်သွားမယ်။ ငါ ဗိုက်တွေဆာနေပြီ"

လိုင်စစ်ယောင်၏ အတွေးထဲတွင် အစားအသောက်အကြောင်းများကိုသာ တွေးတောလိုက်တော့သည်။ သူမသည် ပါးနပ်သော အမျိုးသမီးတစ်ယောက်ပင်ဖြစ်ရာ ရှလေက မပြောသော်လည်း ရှလေနှင့် ရှန်းထူထျန်ယင်အကြားတွင် တစ်ခုခုရှိမည်ကို ရိပ်စားမိခဲ့သည်။ သိလိုစိတ်များဖြစ်ပေါ်နေသော်လည်း သူမသည် မပြောချင်သည့်အကြောင်းအရာကို အတင်းအကြပ်မေးမြန်း၍ တူးဆွတတ်သောလူမျိုးလည်း မဟုတ်ပြန်ပါချေ။

ထို့နောက် လမ်းမထက်တွင် အပြေးနှင်နေသည့် ဂရိတ်ဝေါလ်အိတ်စစ်ကား၏အရှိန်မှာ ပို၍မြင့်တက်လာခဲ့သည်။

ရှလေသည် ကားမောင်းရင်း အချို့ကိစ္စများကို စဉ်းစားတွေးတောနေမိသည်။ သူသည် ဖောရပ်ကုမ္ပဏီကို ငွေငါးသန်းရှစ်သောင်း၊ မြေစာရင်းဌာနကိုလည်း တစ်သန်းကို ပေးချေခဲ့ရသည်။ သူ့သည် ယခုအခါ ငွေကိုစိစစ် နေရသည်။ သူတွေးမိသည့်အထောက်အပံ့အဖြစ်မှာ အများကြီးမဟုတ်သော်လည်း မြို့တော်ဝန်က အခက်အခဲရှိလျှင် သူ့ဆီ ဆက်သွယ်နိုင်ကြောင်း ပြောကြားထားသည်။ အကယ်၍လိုအပ်လာပါက မြို့တော်ဝန်အား အကူညီတောင်းခံလျှင် သူသည် ဘဏ်ချေးငွေကိစ္စကို ဆောင်ရွက်ပေးလိမ့်မည် ဖြစ်သည်။ ထိုအချက် အဆင်မပြေဖြစ်ပါကလည်း တရုတ်နိုင်ငံစက်မှုလုပ်ငန်းအဖွဲ့အား ၎င်းတို့၏အော်ဒါများအတွက် ငွေကြိုရှင်းပေးထားဖို့ တောင်းဆို၍ရနိုင်သေးသည်။ မြေကွက် ဝယ်ယူလိုက်နိုင်ခဲ့ပြီး အဆောက်အဦးအတွက်လည်း အဆင်ပြေခဲ့ပြီဖြစ်ရာ ရှလေ၏ စိတ်ကူးမှာ

(၆၇)ရာခိုင်နှုန်းအထိ အောင်မြင်ခဲ့ပြီဟု ဆိုနိုင်သည်။ ထိုခံစားချက်သည် သူ့အား ပျော်ရွှင်စေခဲ့သည်။

မြို့ကိုပြန်ရောက်ပြီးနောက်တွင် နီးနားဝန်းကျင်ရှိ စူပါမားကတ်တစ်ခုသို့သွား၍ စားသောက်ကုန်များ ဝယ်ယူခဲ့သည့်အပြင် ကျောင့်ယ္ဝိုဝိုင်အနီတစ်ပုလင်းကိုပါ ဝယ်ခဲ့ကြသည်။ ထို့နောက် ရှုလေ၏ရပ်ကွက်ထဲသို့ ပြန်လာခဲ့ကြသည်။

ရှုလေသည် ကားကို ပါကင်ထိုးလိုက်ပြီးနောက် စားသောက်ကုန်အိတ်များကို သယ်၍ လှေကားဆီသို့ ဦးတည်လာခဲ့သည်။ ထိုစဉ် လေကားထက်၌ ပုံရိပ်တစ်ခု ရုတ်တရက် ပေါ်ထွက်လာသည်။

သူမသည် တောက်ပြောင်သော ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ထားပြီး ပြုံးမယောင်မျက်လုံးဖြင့် ကြည့်နေသည်။ ကျန့်လုရီသည် လေပြေညှင်းနှင့် နေအလင်းတို့ကြောင့် လှပလန်းဆန်းနေသည့် ပန်းလေးတစ်ပွင့် ဖြစ်တည်နေသည့်အလားပင် ထင်မှတ်ရပြီး မျက်စိအာရုံကို အကောင်းဆုံး ဆွဲဆောင်ထားနိုင်ပေသည်။

"အိုး... ဒီက တို့ရဲ့အိမ်နီးနားချင်းလေး မဟုတ်လား"

ကျန့်လုရီက ပြုံးပြ၍ နှုတ်ဆက်လိုက်သည်။

"စားကောင်းသောက်ဖွယ်တွေအတွက် ဝယ်လာတာတွေကလည်း အများကြီးပါလား။ ဒီနေ့ တစ်ယောက်ယောက်ရဲ့မွေးနေ့များလား"

"ဘယ်သူ့မွေးနေ့မှ မဟုတ်ပါဘူး၊ ဒီက ငါ့စီနီယာကြီးကို အိမ်ခေါ်ပြီး ဖိတ်ကျွေးဖို့အတွက်ပါ"

ရှုလေသည် ထို့သို့ပြောလက်စနှင့် ဆက်၍ မိတ်ဆက်ပေးလိုက်သည်။

"စစ်ယောင် ဒါက ကျန့်လုရီ..... လုရီ ဒါက ငါ့ရဲ့စီနီယာ လိုင်စစ်

ယောင်"

လိုင်စစ်ယောင်နှင့် ကျန့်လုရီတို့မှာ ဆုံတွေ့ခဲ့ကြပြီး ဖြစ်သည့်အပြင် ကျန့်လုရီမှာ ရဲချုပ်ဖြစ်သည်ကိုလည်း လိုင်စစ်ယောင်က သိရှိခဲ့ပြီး ဖြစ်သည်။ ကျန့်လုရီသည် လိုင်စစ်ယောင်ကို သိပ်အမြင်မကြည်ပါချေ။ အကြောင်းမှာ ရှလေ မူးနေ၍ လိုက်ပို့သောညက ကျန့်လုရီသည် လိုင်စစ်ယောင်အား ယဉ်ယဉ်ကျေးကျေး မဆက်ဆံသည့်အပြင် အပြန်ကိုလည်း တက္ကစီဖြင့် ပြန်သွားခိုင်းခဲ့သည်။ သူမသည် ထိုအတွက် ကျန့်လုရီအား လွယ်လွယ်နှင့် ခွင့်လွှတ်ပေးလိမ့်မည် မဟုတ်ပါချေ။

ရှလေက မိတ်ဆက်ပေးလိုက်သော်လည်း လိုင်စစ်ယောင်နှင့် ကျန့်လုရီတို့သည် အပြန်အလှန်မိတ်ဆက်ခြင်းမျိုး၊ လက်ဆွဲနှုတ်ဆက်ခြင်းမျိုး မပြုလုပ်ကြပေ။ သူတို့သည် အပြန်အလှန် စူးစိုက်၍သာ ကြည့်နေကြသည်။

"နင် တို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သိနှင့်ပြီးသားလား"

ရှလေက မေးစမ်းလိုက်သည်။

"မသိပါဘူး"

ကျန့်လုရီက ပြောလိုက်သည်။

"မသိပါဘူး"

လိုင်စစ်ယောင်ကလည်း ငြင်းဆန်သည်။

ရှလေသည် ၎င်းတို့နှစ်ယောက်ကို ဆက်ပြီး ဂရုစိုက်မနေတော့ပဲ အထုပ်များကို သယ်ကာ လှေကားအထက်သို့ တက်လာခဲ့သည်။

"ငါ အစားအသောက်တွေအတွက် ချက်ပြုတ်ပြင်ဆင်တော့မယ်၊ နင်တို့ စကားပြောနှင့်နေကြပေါ့"

"ငါလည်း နင်တို့နဲ့အတူ လိုက်စားချင်တယ်"

ကျန့်လုရီက ရုတ်တရက် ပြောလာသည်။

ရှလေသည် အနှောင့်ယှက်ခံလိုက်ရသလို ခံစားလိုက်ရပြီး

"ကောင်းပြီ၊ ကားနောက်ဖုံးထဲက ဝိုင်ပုလင်းကို ကူသယ်ခဲ့ပေးပါ"

ထိုအခါ ကျန့်လုရီသည် ကားထဲမှ ဝိုင်ပုလင်းကို အလျင်အမြန်ယူလိုက်ပြီး လိုင်စစ်ယောင်အား လှောင်သည့်ပုံစံဖြင့် မေးငေါ့ပြလိုက်သည်။

လိုင်စစ်ယောင်သည် ကျန့်လုရီ၏ လေသံကိုတုပ၍ ပြန်၍လှောင်ပြောင် ပြောလိုက်သည်။

"အို... တို့ရဲ့လေမဟုတ်လား...၊ အော့အော့"

ကျန့်လုရီသည် လိုင်စစ်ယောင်၏စကားကြောင့် ရှက်ရွံ့သွားပုံမပေါ်ပေ။

"ငါတို့က အတူကြီးပြင်းခဲ့တာ မိသားစုလိုပဲလေ။ ငါ့ဖာသာ 'တို့ရဲ့လေ'လို့ ပြောတာ ဘာမှားလို့လဲ။ ငါ ပြောတော့ကော၊ နင်နဲ့ ဘာဆိုင်လို့လဲ"

"ငါက သူ့ရဲ့ စီနီယာလေ။ နင့်လို လူမျိုးနဲ့ အပေါင်းအသင်းများမှာ စိုးရိမ်ရတာပေါ့"

လိုင်စစ်ယောင်က ပြောလိုက်သည်။

"နင့်လို ပြောကြေးဆိုရင် ငါက သူနဲ့ အတူကြီးပြင်းလာတဲ့သူပါ။ အခုလို အဆိုးအသွမ်းတွေနဲ့ အပေါင်းအသင်းဖြစ်မှာကို ငါကသာ စိုးရိမ်ရမှာ"

ကျန့်လုရီကလည်း ပြန်ပြောလိုက်သည်။

အမျိုးသမီးနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အကြောမခံပဲ အပြန်အလှန်ထိပ်တိုက်တွေ့နေကြသည်။

ထိုအချိန်တွင် ရှလေသည် ဒုတိယထပ်မှ လှမ်းပြောလိုက်သည်။

"ဟော့ ကောင်မလေးတို့ နင်တို့ပြောနေတာတွေရပ်ပြီး အပေါ်တက်လာပေးနိုင်မလား။ ငါ ခဏနေစချက်တော့မှာမလို့။ ပစ္စည်းက အစုံအလင်ရှိမှ ချက်လို့ရမှာနော်"

ထိုအခါ လိုင်စစ်ယောင်နှင့် ကျန့်လုရီတို့ ရပ်တန့်သွားကြသည်။

ထို့နောက် ၎င်းတို့နှစ်ယောက်သည် အထက်သို့တက်လာခဲ့ပြီး အိမ်ခန်းအတွင်းသို့ ဝင်ရောက်လာစဉ်တွင် ပြန်၍ ဦးတည်ကြပြန်သည်။

"လေ၊ ငါ နင့်ကို ကူလုပ်ပေးမယ်။ တချို့မိန်းမတွေဆိုရင်လေ အသီးအရွက်တွေကို ဘယ်လိုဆေးကြောရတယ်ဆိုတာလေးတောင် မသိကြတာတွေရှိတယ်။ သူတို့တွေက လောကကြီးရဲ့ တကယ့်ပိုးကောင်တွေပဲ"

ကျန့်လုရီက ပြောလိုက်သည်။

လိုင်စစ်ယောင်သည်လည်း ဧည့်ခန်းအတွင်း လှည့်လည်ကြည့်ပြီးနောက်

"လေ၊ နင့်ရဲ့အခန်းကလည်း ရှုပ်ပွနေတာပဲ။ ငါ ကူပြီး သန့်ရှင်းရေးလုပ်လိုက်မယ်။ တချို့မိန်းမတွေဆိုရင်လေ အချက်အပြုတ် လုပ်တတ်ပေမဲ့ စားမယ်သောက်မယ်ကလွဲရင် ကျန်တာ မသိတဲ့ဟာမျိုးတွေ ရှိတယ်။ အဲဒီလိုဟာတွေကမှ လောကကြီးရဲ့ လောက်ပိုးအစစ်တွေ"

ရှလေသည် ခေါင်းကို ဖြည်းဖြည်းချင်း ဆတ်ခါလိုက်သည်။

ရှလေသည် ဆန်နှင့် ဟင်းလျာများကို ချက်ပြုတ်နေခဲ့သည်။ သူ့အားကူညီမည်ဟု ပြောခဲ့သည်လူသည် ငါးမိနစ်ခန့်သာ ကြာလိုက်သည်။ ယခုအခါ ဆိုဖာပေါ်၌ထိုင်၍ တီဗွီပင် ကြည့်နေပြီဖြစ်သည်။ ထို့အပြင် သူ့အား

သန့်ရှင်းရေး ကူလုပ်ပေးမည်ဆိုသည့်လူသည်လည်း ထိုအတူပင် တီဗွီအစီစဉ်တစ်ခုကို ထိုင်ကြည့်ရင်း ရယ်မောရ၍ နေလေသည်။ ထိုအခါ ရှုလေသည် မိန်းမများထက် ယောကျ်ားလေးများကသာ ပို၍ အားကိုးဖော်ရသေးသည်ဟု သူ ခံစားမိလိုက်သည်။

ရှုလေသည် စားကောင်းသောက်ဖွယ်များအတွက် တစ်နာရီကြာ ပြင်ဆင်လိုက်ရသည်။ ဝက်နံရိုးချိုချဉ်၊ ငါးခရမ်းချဥ်ချက်၊ ပုဇွန်ချဥ်စပ်နှင့် ပင်လယ်စာ စသည့်ဖြင့် ပြင်ဆင်ထားရာ စားသောက်ဖွယ်ရာများ၏ ရနံ့များ ပျံ့လွင့်နေပြီး မြင်ရုံနှင့်ပင် စားချင်စဖွယ်ကောင်းနေပေသည်။

ရှုလေသည် ဤသို့ချက်ပြုတ်တတ်ခြင်းမှာ မဖြစ်မနေအခြေအနေကြောင့် ပြုလုပ်တတ်ခဲ့ခြင်းဖြစ်သည်။ မိခင်ဆုံးပါးသွားခဲ့ပြီး ဖခင်လည်း ပျောက်ကွယ်သွားခဲ့သည့်နောက်တွင် သူ၏ညီမအား စောင့်ရှောက်ဖို့လိုအပ်လာခဲ့သည်။ ထို့ကြောင့် အချို့ကိစ္စများတွင် သူ မလုပ်ချင်လည်း လုပ်ဆောင်ခဲ့ရသည်များ ရှိခဲ့သည်။ သို့သော်လည်း သူ၏ဘယ်ဘက်မျက်လုံးတွင် အပြောင်းအလဲကြီး ဖြစ်ခဲ့ပြီးနောက် သူ၏ စွမ်းရည်များ တိုးတက်လာခဲ့သည်။ အစားအသောက်ချက်ပြုတ်ရာ၌လည်း သူ၏မျက်လုံးသည် အစိတ်အပိုင်း အသေးအမွှားကအစ ကောင်းစွာ တွေ့မြင်ခံစားနိုင်စွမ်းရှိပြီး လတ်ဆတ်သည့် အရသာကောင်းဖြစ်ဖို့ ထိန်းညှိရာတွင် အသုံးဝင်လာခဲ့ပေသည်။ ဟင်းခတ်အစာများ ထည့်ရာတွင်လည်း တိကျသည့် အချိုးအစားအတိုင်း အချိုးကျ ရောစပ်နိုင်ဖို့ မျက်လုံးက အထောက်အကူဖြစ်နေရာ အခြားအတွေ့အကြုံရှိ စားဖိုမှူးများကိုပင် ယှဉ်နိုင်လောက်သည့် အခြေအနေတွင် ရှိနေပေသည်။ အခြားစားဖိုမှူးများတွင် သူ့လို မြင်တွေ့နိုင်စွမ်းငှာ မရှိကြပါချေ။

ရှလေသည် သူ့ကိုယ်သူ ကျေနပ်မိ၍ ပြုံးလိုက်မိပြီး အတွေးတစ်ခု ဖြစ်ပေါ်လာသည်။

'ငါ အချို့အချက်အပြုတ်စာအုပ်တွေကိုလည်း ဖတ်ကြည့်သင့်တယ်။ ငါ့စွမ်းရည်နဲ့သာဆိုရင် စားဖိုမှူးပြောင်းလုပ်ရင်တောင် ထိပ်တန်းအဆင့် အချက်အပြုတ်ဘုရင် ဖြစ်နိုင်လောက်တယ်'

လိုင်စစ်ယောင်နှင့် ကျန့်လုရီတို့သည် ရှလေက မခေါ်ပါပဲ ဟင်းရနံ့များ ရ၍ ထမင်းစားစားပွဲနားသို့ ရောက်ရှိလာကြသည်။

"ဝိုး... မွှေးနေတာပဲ"

ကျန့်လုရီသည် စားချင်သောက်ချင်စိတ်ကြောင့် သားရည်ပင်ယိုလာသည်။

လိုင်စစ်ယောင်သည် စားသောက်ဖွယ်များကို တောက်ပသည့် မျက်ဝန်းအစုံဖြင့် ကြည့်လိုက်ပြီး

"နင် ဒီလောက်ထိ အချက်အပြုတ်တော်လိမ့်မယ်လို့ ငါ တကယ်မထင်ထားဘူး။ ကြည့်ရတာ ပုံမှန် လာစားချင်အောင် ဖြစ်တော့မယ်ထင်တယ်"

"အရေထူချက်ပဲ"

ကျန့်လုရီက ရေရွတ်လိုက်သည်။

ရှလေသည် ဝိုင်နီပုလင်းကို ဖွင့်ဖောက်လိုက်သည်။ သူသည် ဖန်ခွက်ဝယ်ရန် မတွေးမိခဲ့သောကြောင့် ယခုအခါ ပန်းကန်းလုံးငယ်သုံးခုကိုသာ အသုံးပြုခဲ့သည်။ တစ်ခွက်ကို ကျန့်လုရီအား ပေးလိုက်ကာ၊ နောက်တစ်ခွက်ကို လိုင်စစ်ယောင်အား ငှဲ့ပေးလိုက်ပြီး ကျန်တစ်ခွက်ကို သူ့အတွက် ထည့်လိုက်သည်။ ထို့နောက် သူက

"ငါ ဖန်ခွက်ဝယ်ဖို့ မေ့သွားတယ်။ အခု ဒီပန်းကန်လုံးလေးတွေကိုပဲ သုံးလိုက်ရအောင်"

လိုင်စစ်ယောင်သည် ရယ်မော၍

"ရပါတယ်၊ ပန်းကန်လုံးနဲ့ဆိုတော့ ပိုပြီးတောင် သောက်လို့ ကောင်းတာပေ့ါ"

ကျန့်လုရီသည် ပုစွန်ချဉ်စပ်တစ်ကောင်လုံးကို ပါးစပ်ထဲသို့ သွတ်သွင်းလိုက်သည်။ သူမသည် တစ်ချက်ချင်းဝါးမြိုရင်း ရှလေအား ပြောသည်။

"ဒီအရသာ အင်း ဒီအရသာ၊ ငါ စားဖူးတဲ့ ပင်လယ်စာဆိုင်တွေက ထက် ပိုကောင်းတာပဲ။ ငါ မပြန်ခင် ငါ့အတွက် နောက်တစ်ပွဲချက်ထားပေး ပါ။ ငါ ယူသွားပြီး စားမလို့"

ရှလေ သြချလိုက်သည်။

အမျိုးသမီးနှစ်ယောက်သည် စကားမပြောတော့ပဲ အစားအသောက် များကို ပျော်ရွှင်စွာ စားသောက်နေသည်ကို မြင်တွေ့ရသည့်အခါ အခြား သော ချက်နည်းပြုတ်နည်းများကိုလည်း လေ့လာသင်ယူထားသင့်သည်ဟု ရှလေက တွေးတောမိလိုက်သည်။ သူသည် အခြားချက်နည်းပြုတ်နည်းများ ကို မလေ့လာထားသောကြောင့် ချက်နည်းတစ်ခုတည်းကိုသာ သိရှိ ထားသည်။ သူ၏စွမ်းရည်ဖြင့်သာဆိုလျှင် အချက်အပြုတ်တွင် အာရုံစိုက်ပါ က အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဖြစ်သည်။ အဘယ်မျှအထိ ကျွမ်းကျင်လာနိုင်မည်ကို မည်သူ တပ်အပ်ပြောနိုင်ပါမည်နည်း။ ထို့အပြင် အချက်အပြုတ်၌ သူ့အား ယှဉ်နိုင်သူ ကမ္ဘာပေါ်တွင် ရှိဦးတော့မည်ပင် မ ထင်ပါချေ။

စားသောက်လို့ အားရကျေနပ်သွားကြပြီးနောက်တွင် လိုင်းစစ်ယောင်နှင့် ကျန့်လုရီတို့သည် တီဗွီရှေ့၌ ပြန်ထိုင်၍ ကြည့်နေကြလေသည်။ သူတို့သည် ဟင်းပွဲများကို ထိုအတိုင်းသာ ထားခဲ့ကြသည်။

ရှုလေသည် မဲ့ပြုံးပြုံးလိုက်ပြီး ခေါင်းကိုခါယမ်းလိုက်သည်။ ထို့နောက် မီးဖိုချောင်၌ ဟင်းခွက်များကို ဆေးကြောလိုက်သည်။

ရှုလေ ဟင်းခွက်များကို ဆေးကြောပြီးချိန်တွင် သူ၏ ဖုန်းမှာ အသံမြည်လာသည်။ ဖုန်းကိုကြည့်လိုက်ရာ ချင်ရှောင်ဆီက ဖုန်းမှန်း သိလိုက်ရသည်။

'ဒီအချိန် ဘာကိစ္စများရှိလို့ငါ့ကို ဖုန်းဆက်တာပါလိမ့်'

ရှုလေသည် ထူးဆန်းနေသည်ဟု ထင်ခဲ့သော်လည်း ဖုန်းကို လက်ခံဖြေကြားလိုက်သည်။

"လေ.... အခြေအနေမကောင်းတော့ဘူး"

ချင်ရှောင်၏အသံမှာ အလွန်ကြောက်လန့်တုန်လှုပ်နေပြီး စိုးရိမ်မှုများဖြင့် ပြည့်နေသည်။

ရှုလေသည် ရင်ထိတ်သွားပြီး

"စိတ်မလှုပ်ရှားနဲ့၊ စိတ်ငြိမ်ငြိမ်ထား၊ ဘာဖြစ်တာလဲ ငါ့ကို ပြော"

"ငါ့ဆိုင်.... မီးလောင်နေပြီ"

ချင်ရှောင်၏ အသံတွင် နာကြဥ်းမှုများ ဖုံးလွှမ်းနေသည်။

"ငါထင်တာတော့ ဟွမ်းရိဟူက မင်းနဲ့ငါ အဆက်အသွယ်ရှိနေတာကို သိသွားလို့ ငါ့ကို ဒုက္ခပေးတာပဲ ဖြစ်မယ်။ သူ... သူ့မှာ ရှိနေတဲ့ဟာ ရဲကို အပ်လိုက်ရင် ငါတော့ သွားပြီ...."

"မင်း အခု ဘယ်မှာလဲ"

"ငါ ဘယ်မှာရှိရမလဲ"

ချင်ရှောင်သည် ရယ်သလို ငိုသလိုဖြစ်နေသည်။

"ငါ့အလုပြင်ဆိုင်ရဲ့ အပြင်ဘက်ကနေပြီး မီးလောင်နေတာကို ငါ့မျက်စိနှစ်လုံးနဲ့ ဒီအတိုင်း ရပ်ကြည့်နေရတယ်လေ"

"စိတ်အေးအေးထား၊ ငါအခုလာခဲ့မယ်။ ရောက်ရင် ဆက်ပြောမယ်"

ရှလေက ပြောလိုက်သည်။

"ကောင်းပြီ၊ ငါ စောင့်နေမယ်"

ချင်ရှောင် ဖုန်းချသွားသည်။

ရှလေသည် မီးဖိုချောင်ထဲမှ ထွက်လာခဲ့ပြီး ပြောလိုက်သည်။

"ငါ့ မိတ်ဆွေတစ်ယောက် ပြဿနာဖြစ်လို့ အဲဒါ ကူညီဖို့ သွားလိုက်ဦးမယ်"

"ဘာပြဿနာဖြစ်တာလဲ၊ ငါ နင်နဲ့လိုက်ခဲ့ရဦးမလား"

ကျန့်လုရီက ပြောလိုက်သည်။

"ငါကော ကူညီပေးဖို့လိုလား"

လိုင်စစ်ယောက်ကလည်း မေးလိုက်သည်။

"ရပါတယ်။ အသေးအမွှားကိစ္စပါ။ နင်တို့ အေးဆေးနေကြပါ။ ငါ သွားတော့မယ်"

ရှလေသည် ထိုသို့ပြောပြီးနောက် တံခါးပေါက်မှ ထွက်ခွာသွားသည်။

ချင်ရှောင်၏ အလုပြင်ဆိုင် မီးလောင်သည့်ကိစ္စမှာ ဟွမ်းရိဟူ၏ လက်ချက်ဖြစ်မည်မှာ သေချာသလောက်ထိ နီးစပ်သည်။ အကယ်၍ ရှလေ

သည် ချင်ရှောင်အားရှာ၍ ဟွမ်းရိဟူကို ဆန့်ကျင်ဖို့ကိစ္စအတွက် အဖော်မညှိခဲ့ပါက အလုပြင်ဆိုင်လည်း ဤကဲ့သို့ မီးရှို့ခံရလိမ့်မယ် မဟုတ်ပါချေ။ ထို့ကြောင့် ရှုလေအတွက် အပြစ်မကင်းသလို ခံစားရသည်။ ဤကဲ့သို့ သူ၏ရည်မှန်းချက်များ ထိရောက်အောင်မြင်ဖို့ ချင်ရှောင်ဆီမှလည်း အကူအညီများ ယူခဲ့ရသည်။

လိုင်စစ်ယောင်နှင့် ကျန့်လုရီတို့သည် ဒုတိယထပ်မှနေ၍ ဂရိတ်ဝေါလ်အိတ်စစ်ကား မောင်းထွက်သွားသည်ကို လှမ်းကြည့်လိုက်ကြသည်။ ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး

"သူ ဘာတွေများ လုပ်နေသေးတာလဲ"

ကျန့်လုရီက ပြောလိုက်သည်။

"ငါလည်း မသိဘူး။ ဒါပေမဲ့ မပူပါနဲ့။ ငါ့အဖေရဲ့ နောက်ဆုံးတပည့်က အရမ်းသန်မာပါတယ်"

လိုင်စစ်ယောင်က ပြောသည်။

"ငှဲ....၊ နင်က တကယ်ပဲ နင့်ကိုယ်နင် သိုင်းပညာရှင်မကြီးလို့ တွေးနေတာလား"

"ငါ နင့်ကို ပြောနေလို့လား"

ကျန့်လုရီသည် ပြန်ပြောချင်လျက် စကားမဆက်နိုင် ဖြစ်သွားသည်။

***